ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန
mohadm@nugmyanmar.org

# မိုခါဆိုင်ကလုန်မုန်တိုင်းကြောင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထိခိုက်ပျက်စီးမှုများ

## ၁၅-၅-၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | သိသာထင်ရှားသည့် ထိခိုက်ပျက်စီးမှုများ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | စစ်ကိုင်းတိုင်း | ကနီ | အိုင်တောင်၊ ချောင်းမကြီး ချောင်းရေကျ၍ ကမ်းပါးပြိုကျ အကြမ်းဖက်စစ်တပ်မှ အင်အား (၁၀၀) ဝန်းကျင် စစ်ကြောင်းထိုးနေဆဲ တခြားသော ပျက်စီးမှုများကို စုံစမ်းဆဲ မင်းမကျေးရွာကို စစ်တပ်ကမီးရှို့နေ | |
| | | ဆားလင်းကြီး | မြစ်ရေကြီးမှု၊ ရေဝင်မှုများနေဖုန်းဆက်သွယ်၍မရ | |
| | | မုံရွာ | မုံရွာမြို့ပေါ်တွင် သစ်ပင်ကျိုးကျပျက်စီးမှုများ၊ ရေဝင်မှုများဖြစ် | |
| | | ယင်းမာပင် | ယင်းမာပင်မြို့နယ် ၊ မြောက်ယမားဆည်ဖလူးကျိုးပြီး လက်တံ ၇,၈ နှင့် လက်တံ ၂နှင့် ၃ ကြား မြောင်းဘောင်ကျိုးသဖြင့် ယင်းမာပင် တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းရှိ မြို့ပေါ်ရပ်ကွက်နဲ့ကျေးရွာ(၃၀)ရွာမှ လူဦးရေပေါင်း(၂၀,၇၀၉)ဦး ရေကြီးမှုကိုခံစားရ<br>ယင်းမာပင်မြို့ပေါ်တွင် လူ (၁)ဦး ချောင်းထဲမြောပါသေဆုံး<br>မွေးထားသော တိရစ္ဆာန်များ၊ ဆိုင်ကယ်၊ကား၊ တဲအချို့ ပြိုကျပျက်စီး၊ စစ်ကြောင်းထိုးနေ၍ ကယ်ဆယ်ရေးမလုပ်နိုင်သေး<br>ကုန်းရွာတွင် ရွာခြင်းဆက်တံတားကျိုး ကျေးရွာစိုက်ခင်းများ ရေနစ်ပျက်စီး<br>ပြန်လှန့်ကျေးရွာရှိ ချောင်းကူး တံတား(၂)စင်းရေထဲပါသွား ကွမ်းခြံများနှင့်စိုက်ခင်းများပျက်စီး | |
| | | ခင်ဦး | ခင်ဦးအနောက်ခြမ်း(၄၉)ရွာမှ နွေရာသီယာသီးနှံများဖြစ်သည့် ပဲတီစိမ်း၊ မတ်ပဲ၊ နှမ်း၊ ငရုပ် အပြင် ဂန္ဓမာပန်း ခင်းများအပါအဝင် စိုက်ဧက (၁၀,၀၀၀)ကျော် ရေနစ် ဆုံးရှုံး ပျက်စီး | |

RESTRICTED

| စဥ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | သိသာထင်ရှားသည့် ထိခိုက်ပျက်စီးမှုများ | မှတ်ချက် |
|---|---|---|---|---|
| | | စစ်ကိုင်း | စစ်ကိုင်းမြို့နယ်၊တလိုင်းကျွန်းရွာနှင့်မြင်းမူမြို့နယ်၊မူးမန္တလေးရွာ ကူးသော မူးမြစ်ကူးထန်းလုံးကဒ်ကြမ်းယာယီတံတား မူးမြစ်ရေထိုးဆင်းလာ၍ မျောပါပျက်စီး(ပြည်သူများနှင့် နယ်မြေခံပကဖ၊ ပအဖများစုပေါင်းတည်ဆောက်ထားသော တံတားဖြစ်ပါသည်။) | |
| | | ပုလဲ | ပုလဲမြို့နယ်တွင် တောင်ယမားဆည် ရေပြည့်နေပြီး ကျိုးကျ မည့်အနေထားဖြစ် | |
| | | | ဆည်အောက်ဘက်ရွာ(၄)ရွာမှ လူဦးရေ (၁,၅၀၀)ဝန်းကျင်ကို အရေးပေါ် ရွှေ့ပြောင်းထားရ<br>ရိက္ခာနှင့် သီးနှံစိုက်ပျိုး ဧက (၁,၀၀၀) ကျော် ပျက်စီး | |
| | | မြောင် | စိုက်ပျိုးထားသော ပဲတီစိမ်း၊မတ်ပဲစသည့် စိုက်ခင်းဧက (၁၀,၀၀၀) ခန့် ရေဝင်ပျက်စီး<br>ယာယီတဲငယ်များပြိုကျ | |
| | | ရွှေဘို | စိုက်ပျိုးထားသော ပဲတီစိမ်း၊မတ်ပဲစသည့် စိုက်ခင်းများ (၁၀,၀၀၀)ကျော် ရေလွှမ်း<br>ဒေသခံအချို့ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ် | |
| ၂။ | မကွေးတိုင်း | ဂန့်ဂေါ | အပင်များလဲကျ၊ အဆောက်အအုံ အချို့ ပျက်စီး ဆုံးရှုံးမှုရှိ ဖက်ဝန်းနှင့် မောလယ်ရွာကြား သံ (ဘေလီ) တံတားမျှောပါ ဓါတ်တိုင်များ ကျိုး၊ မီးကြိုးများ ပြတ်ကျ<br>(၆၇) နှစ်အရွယ် စစ်ဘေးရှောင် အမျိုးသမီး (၁) ဦး နေရာပြောင်းရွှေ့ရင်း သေဆုံး | |
| | | စလင်း | စလင်းချောင်းရေ ရေတက်၍ ကျေးရွာ ၂၀ ကျော် ရေမြုပ်<br>ချောင်းရေမျောပါ၍ သားအမိ (၂) ဦး သေဆုံး | |
| | | ဆိပ်ဖြူ | ချစ်ချောင်းနားရှိ 11KV ဓါတ်အားလိုင်းများ ရေမျော ပျက်စီး<br>ချစ်ချောင်းနံဘေးရှိရွာများမှ စိုက်ခင်းများ၊ သီးနှံခင်းများ၊ ကြက်သွန်များ ရေမျောပါ<br>ရေကျော် (၅) ခု ပျက်စီး၊ နွားများ အအေးပတ်၍ သေဆုံး | |
| | | ဆော | ကျောက်ထုနယ်၊ လက်ပန်းတံတား ကျိုးကျ၍ အနိမ့်ကြိုး တံတားပျက်စီး<br>ကျေးရွာနှင့် ချောင်းကပ် ဝါးတံတား အချို့ ရေထဲ မျောပါ ပျက်စီး | |

RESTRICTED

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | သိသာထင်ရှားသည့် ထိခိုက်ပျက်စီးမှုများ | မှတ်ချက် |
|---|---|---|---|---|
| | | | စိုက်ခင်းများထဲ မြေများအနယ်ကျ၊ ချောင်းရေဝင်၍ စစ်ဘေးရှောင်များ၏ အဝတ်အစားများ၊ အသုံးအဆောင် ပစ္စည်းများ၊ ဆန်အိတ်များ ရေစို၊ မျောပါ ပျက်စီးမှု ဝက်များ ရေထဲမျောပါ | |
| | | ထီးလင်း | ဖုန်း၊ အင်တာနက်လိုင်းများ ပြတ်တောက်လျက်ရှိ ကျေးရွာအချို့ရေမြုပ် ဝက်သက်တံတား ရေထဲမျှောပါ ဇီးလင်းကျေးရွာ တစ်ဝက် ရေဝင် နစ်မြုပ် | |
| | | ပေါက် | စစ်ဘေးရှောင်နေသူများ ခိုလှုံနေထိုင်ရာ တဲအချို့ ရေထဲမျှောပါ သပွတ်စု၊ ဒေါင်းသာ၊ တောင်ချို၊ သရက်လေးပင်နှင့် မြေခြားရွာမှ စစ်ဘေးရှောင် ပြည်သူ (၁,၄၆၀) ဦး အရေးပေါ် ပြောင်းရွှေ့နေရာချထားပေးရ တပ်ရင်းတပ်ဖွဲ့များ ကိုယ်ထူကိုယ်ထ ထိုးထားသည့် ကပ်ဝါးတံတားများ ရေထဲ မျောပါ ပျက်စီး တောင်ကျရေကြောင့် စစ်ရှောင်အမျိုးသား(၁)ဦး သေဆုံး | |
| | | ရေစကြို | ဝက်ခုတ်ကျေးရွာမှ သားအဖ (၂) ဦး ချောင်းကူးရာတွင် မျောပါသေဆုံး | |
| | | မြိုင် | မုန်တိုင်းမိုးကြောင့် မြိုင်နယ်မြောက်ပိုင်း၊ ဆည်ကျိုး၊ တံတား ကျိုး၊ လမ်းပျက်ခြင်းများရှိ | |
| | | ပခုက္ကူ | ပခုက္ကူမြို့အနောက်ဘက် ကမ္မမြို့နတ်အင်းချောင်းမှ ရေမြင့်တက်လာ၍ အနီးနားရှိ ကျေးရွာများ ရေနစ်မြုပ် အိမ်ထောင်စု (၂၃၀) လူဦးရေ (၁,၀၁၂)ဦး အရေးပေါ် ပြောင်းရွှေ့နေရာချထားပေးရ နှမ်းစိုက်ခင်း ဧက (၅၀) ခန့်၊ ကွမ်းခြံ (၃၄) ခြံ၊ ကြက်သွန်ကုန်ချိန် (၂၀,၀၀၀) ခန့်၊ နွား၊ ဆိတ်များသေဆုံး ကျန်းမာရေးဆေးခန်းနှင့် ဆေးပစ္စည်းအချို့ ပျက်စီး ရွှေချောင်းဘေး အမှတ် (၁) နှင့်အမှတ် (၃) ရပ်ကွက်များမှ အိမ်ခြေ (၃၀) ရေထဲ မျောပါပျက်စီး | |
| | | ငဖဲ | မန်းချောင်းနှင့် တောင်ကျချောင်းများကြောင့် ငဖဲမြို့ပေါ် ရပ်ကွက်များနှင့် မန်းချောင်းဘေးရွာများ ရေလွှမ်း ပဒါန်းရင့်ရှည်တမံ ရေလျှံ | |

RESTRICTED

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | သိသာထင်ရှားသည့် ထိခိုက်ပျက်စီးမှုများ | မှတ်ချက် |
|---|---|---|---|---|
| | | | ပဒါန်းမြို့ပေါ် ရပ်ကွက်အချို့နှင့် ပဒါန်းရွာမဘက်တွင် အိမ်များထဲသို့ ရေဝင် | |
| | | စကု | အိုင်းမရေလွှဲဆည် ရေအများအပြားကျော်၍ မန်းချောင်းဘေးရှိ ရွာများတွင် အိမ်များရေမြုပ်<br>မန်းချောင်းနှင့် နွားကူးချောင်း (တောင်ကျချောင်း) ပြိုင်၍ရေတက်ခြင်းကြောင့် စကုမြို့ပေါ် ရှိ ရပ်ကွက်များရှိ နေအိမ်အချို့ ရေမြုပ်<br>အိုင်းမဆည်မှ ရွှေချောင်းချောင်းသို့ ရေလွှတ်သော မြောင်းကျိုး၍ လှေ့ဖြူတောရွာ မြောက်ပိုင်း ရေလွှမ်း | |
| | | ပွင့်ဖြူ | မုန်းချောင်းနှင့် အနီးနားရှိ မြောင်းထဲရှိ ရေများ နာရီပိုင်းအတွင်း တက်လာသည့်အတွက် စပါး၊ ဆန်အိတ်၊ ကား၊ ဆိုင်ကယ်များ ရေမြုပ်ခြင်း၊ ရေမျောပါသွားခြင်းများရှိ<br>ပွင့်ဖြူ မြို့ပေါ်ရပ်ကွက် ရေဝင်<br>သွားလာရေး ခက်ခဲ၊ ရောက်တော ကျေးရွာရှိ နေအိမ်များ ရေဝင်<br>ပွင့်ဖြူမုန်းကပါးနှင့် မြို့နယ်အတွင်း ချောင်းရေများ နေအိမ်များ ထဲသို့ရေဝင် | |
| ၃။ | ရခိုင်ပြည်နယ် | စစ်တွေ | MPT ဆက်သွယ်ရေးတာဝါတိုင် ပျက်စီး ၊ အမျိုးသမီး (၁) ဦး အဆောက်အအုံပျက်စီး၍ မှန်ကွဲ ဝမ်းဗိုက်ထိမှန် သေဆုံး | |
| | | ဂွ | ရွှေဦးကွင်းကျေးရွာတွင် အိမ်ခြေ အလုံး (၅၀) အမိုးလန်ပျက်စီး | |
| | | တောင်ကုတ် | သစ်ပင်ပိ၍ (၁) ဦးသေဆုံး | |
| | | မင်းပြား | မြို့မဈေး၊ ဆိုင်ခန်းအများစု ပြိုကျပျက်စီး<br>မင်းပြားမြို့နယ်၊<br>နားပဲ့ချောင်းကျေးရွာ၊ဘုန်တော်ကြီးကျောင်းနှင့် နေအိမ်များထိခိုက်ပျက်စီး | |
| | | မြောက်ဦး | ကယ်ဆယ်ရေးစခန်း (၂၂) ခုဖွင့်ထားရှိပြီး လူဦးရေ (၅,၀၀၀) ကျော် ခိုလှုံနေရ (အစားအစာနှင့် သောက်သုံးရေ အရေးပေါ် လိုအပ်)<br>မဟာထီးကျေးရွာ၌ စေတီနှင့် ဘုန်တော်ကြီးကျောင်း ပျက်စီး<br>မုန်တိုင်းရှောင်ရင်းအမျိုးသမီး (၁) ဦး နှင့် နောက်ထပ် (၂) နေရာပြောင်းရွှေ့ရင်း သေဆုံး | |

RESTRICTED

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | သိသာထင်ရှားသည့် ထိခိုက်ပျက်စီးမှုများ | မှတ်ချက် |
|---|---|---|---|---|
| | | ကျောက်တော် | ဈေးပျက်စီး၊ မြို့ပေါ်ဈေးဆိုင်ခန်းများ၊ ဘာသာရေးအဆောက်အုံများ၊ စေတီပုထိုးများ ပြိုကျပျက်စီး၊ | |
| | | | ကျောက်တော်မြို့နယ်၌ စုစုပေါင်း အိမ်ခြေ (၂၆၀) ကျော် ပျက်စီး | |
| | | ရမ်းဗြဲ | အုန်းပင်ပိ၍ အမျိုးသမီး (၁) ဦး  သေဆုံး | |
| ၄။ | ပဲခူး | ကျောက်ကြီး | ကြိမ်တောမြောင်ကျေးရွာတွင် နေအိမ်များ ပြိုကျ၊ အမိုးလန် ပျက်စီး (အိမ်ခြေအရေအတွက် ကောက်ယူနေဆဲ) ပတ္တလားရွာတွင် အိမ်ခြေ (၄) လုံး၊ စာသင်ကျောင်း (၁) ကျောင်း ပျက်စီး | |
| ၅။ | မန္တလေး | ညောင်ဦး | ၄ှက်ပစ်တောင်ရေကန် ရေလွှဲပေါက်မှ ရေများလျှံကျပြီး | |
| | | | နေအိမ်များအတွင်း ရေဝင် ပုဂံမြို့ အ.မ.က (သီရိပစ္စယာ) ကျောင်းအုတ်တံတိုင်း ပေ (၈၀) ခန့် ပြိုကျပျက်စီး ညောင်လှကျေးရွာရှိ ရွှေဘုံသာစေတီ မြေခပျက်စီး ပုဂံဘုရား ပရဝဏ်များအတွင်း ရေဝင် | |
| | | ပြင်ဦးလွင် | သစ်ပင်ပိ၍ (၁) ဦးသေဆုံး | |
| ၆။ | ရှမ်းပြည်နယ် | တာချီလိတ် | နေအိမ်ပေါ်သို့ မြေပြိုကျမှုဖြစ်ပွားသဖြင့် (၂) ဦးသေဆုံး | |
| ၇။ | ချင်းပြည်နယ် | ကန်ပက်လက် | အိမ်နူးရွာ၊ လူနေအိမ် (၁) လုံးအမိုးလန်၊ မက်ဒသစ်ဘုရားကျောင်း အမိုးလန်၊ စာသင်ဆောင် (၂) ခု အမိုးလန်၊ မူကြိုဆောင် သစ်ပင်လဲကျမှုကြောင့် ပျက်စီး | |
| | | ပလက်ဝ | တပ်ရင်းရှိ လူနေဆောင်များ ထက်ဝက်ကျော် ပျက်စီး နေအိမ်အချို့ပျက်စီး | |
| | | မတူပီ | ကျေးရွာ(၄)ရွာမှ နေအိမ်ပေါင်း (၃၅၀) ကျော် ပျက်စီး ဘုရားကျောင်း(၆)ကျောင်း | |
| | | တီးတိန် | နေအိမ်(၁၂) လုံး အမိုးလန် | |
| | | ဖလမ်း | နေအိမ်များပျက်စီး၊ တပ်ရင်းအဆောက်အအုံအချို့ပျက်စီး | |
| | | ဟားခါး | နေအိမ်(၂)လုံးပျက်စီး | |
| ၈။ | ရန်ကုန်တိုင်း | မရမ်းကုန်း | လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ၊ ဓါတ်တိုင်များလဲကျ | |
| | | ကော့မှူး | လက်ခိုက်ကျေးရွာ၌ ပြည်သူ (၁) ဦး မိုးကြိုးထိမှန်သေဆုံး | |

RESTRICTED

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | သိသာထင်ရှားသည့် ထိခိုက်ပျက်စီးမှုများ | မှတ်ချက် |
|---|---|---|---|---|
| ၉။ | ဧရာဝတီ | မြို့နယ် (၁၅) မြို့နယ် | မုန်တိုင်းအရှိန်ကြောင့် လူနေအိမ်၊ ဘာသာရေးအဆောက်အအုံ၊ ရုံး၊ စာသင်ကျောင်းအပါအဝင် အခြေခံအဆောက်အဦ (၂၀၀) ကျော်ပျက်စီး<br>အသေးစိတ်စာရင်းကောက်ယူဆဲ<br>ပြည်သူ (၁) ဦး သစ်ပင်ပိသေဆုံး | |
| ၁၀။ | ကချင်ပြည်နယ် | မဂါယန် ဒုက္ခသည်စခန်း | အိမ်ခြေ ၁၈ လုံး<br>အိမ်သာ အလုံး ၂၀<br>မီးဖိုချောင် ၁၀ လုံး<br>ထိခိုက်ပျက်စီး | |

မှတ်ချက်။ ၂၀၂၃ခုနှစ်၊ မေလ(၁၅)ရက်နေ့၊ နေ့လည် (၂) နာရီအချိန်အထိရရှိထားသော စာရင်းများဖြစ်ပြီး ဆက်သွယ်မှု ပြတ်တောက်နေသည့် အချို့မြို့နယ်များ၏ ထိခိုက်ပျက်စီးမှုစာရင်းများကို ဆက်လက် ကောက်ယူနေဆဲဖြစ်ပါသည်။

RESTRICTED